# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 22, 2024 Volume 83, Number 13


၂၂.၁၀.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၂. ၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၉၆.၇ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၂၆.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၃.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၉၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၉၇၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၃၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၅.၂၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၆၉၆ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပခုက္ကူမြို့၌ အရောင်းအဝယ်ဖြစ်နေသည့် မြေပဲဈေးနှုန်းဈေးကွက်



မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူမြို့သည် စီးပွားရေးအချက်အချာကျသော မြို့တစ်မြို့ဖြစ်ပြီး ပြည်တွင်းနေရာအနှံ့အပြားမှထွက်ရှိသော ဆီထွက်သီးနှံနှင့် ပဲမျိုးစုံဈေးကွက်သို့ဝင်ရောက်လျက်ရှိသည်။ဝင်လာသမျှသီးနှံများကို ဒေသတွင်းသုံးစွဲမှုအပြင် ပိုလျှံမှုများအား ပြည်တွင်းဒေသအနှံ့အပြားသို့ ပြန်လည်ရောင်းချဖြန့်ဖြူးလျက်ရှိကြောင်း၊ ယခုအချိန်တွင် ဆီထွက်သီးနှံ မြေပဲ၊ နှမ်းအသစ်များပေါ်ချိန်ဖြစ်၍ ဈေးကွက်သို့လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် မြိုင်၊ ပေါက်၊ ရေစကြို၊ ယောနယ်ဒေသများနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများနှင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသထွက်မြေပဲဆန်အသစ်များလည်းဝင်ရောက်လျက်ရှိကြောင်းသိရသည်။

၂၀၂၄ခုနှစ်၊အောက်တိုဘာလ(ဒုတိယပတ်)တွင်ဈေးကွက်သို့မြေပဲအသစ်များဝင်ရောက်မှုများ၍ ဈေးနှုန်းတရိပ်ရိပ်ကျဆင်းပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ မြေပဲဆန်နီ(လုံးဆန်)တစ်ပိဿာလျှင် ကျပ်(၈၃၀၀-၈၇၀၀)၊ ဆီဆန် တစ်ပိဿာလျှင် ကျပ်(၇၃၀၀-၇၅၀၀)၊ မြေပဲဆန်ဖြူ(လုံးဆန်) တစ်ပိဿာလျှင် ကျပ်(၇၃၀၀-၈၀၀၀)၊ ဆီဆန်တစ်ပိဿာလျှင် ကျပ်(၇၀၀၀-၇၅၀၀)၊ စကာဝိုင်းကျ ဆီဆန်တစ်ပိဿာလျှင် ကျပ်(၆၅၀၀-၇၀၀၀)

ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း၊တစ်လအတွင်း မြေပဲဆန်တစ်ပိဿာလျှင်ကျပ်(၁၀၀၀)ခန့်စျေးကျဆင်း၍ အရောင်းအဝယ်ဖြစ်ပြီး မြေပဲတောင့်အခြောက်စျေးကွက်အနေဖြင့်လည်း မြေပဲတောင့်သေး(S1) တစ်ပိဿာလျှင် မြေပဲအရည်အသွေးလိုက်၍ ကျပ်(၂၀၀၀-၄၄၀၀) စျေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ပခုက္ကူစျေးကွက်သို့ တစ်ရက်လျှင် မြေပဲတောင့်ပိဿာ (၆၀၀၀)၊ တစ်ပတ်အတွင်း မြေပဲတောင့်ပိဿာ (၅၀,၀၀၀)၊ တစ်ရက်လျှင် မြေပဲဆန်ပိဿာ(၃၀)ဝင်အိတ် (၅၀၀- ၇၀၀) တစ်ပတ်အတွင်း အိတ်(၅၀၀၀)ခန့်ဝင်ရောက်ပြီးကုန်ဝင်သလောက်အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။

ယခုအချိန်တွင် စားသုံးသူများမှ ကျန်းမာရေးနှင့်ညီညွတ်သည့် ပြည်တွင်းသီးနှံထွက် စားသုံးဆီများကို ဝယ်ယူစားသုံးမှုများပြီးစျေးကွက်အနေဖြင့် ပခုက္ကူမြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်များမှ တွင်ကျယ်စွာထုတ်လုပ်လျက်ရှိ၍ ဝယ်လိုအားများခြင်းအပြင် ပဲခွဲစက်လုပ်ငန်းရှင်များ၊မြေပဲဆားလှော်လုပ်ငန်းရှင်များမှလည်းဝယ်ယူမှုများကြောင်း၊ မန္တလေးစျေးကွက်သို့လည်း တင်ပို့လျက်ရှိကြောင်း၊ယခုအောက်တိုဘာ(ဒုတိယပတ်)တွင် မြေပဲတောင့်၊မြေပဲဆန်များကိုပြည်တွင်း၌သာ အရောင်းသွက်လျက်ရှိပြီး ပြည်ပအဝယ်နည်း၍ စျေးကျဆင်းပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း စျေးကွက်မှ သိရသည်။

**Source : DOCA(မကွေး)**

https://www.doca.gov.mm/

## ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ စက်တင်ဘာလအတွင်း နှစ်လခွဲစပါးတင်းရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ စက်တင်ဘာလအတွင်း နှစ်လခွဲစပါးတင်းရေ ၇၅,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဩဂုတ်လအတွင်းက နှစ်လခွဲစပါးတင်းရေ ၅၃,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ တစ်လအတွင်း နှစ်လခွဲစပါးတင်းရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ နှစ်လခွဲစပါးတင်းရေ ၁၀၀ လျှင် ကျပ် ၁,၉၉၅,၀၀၀ ထိပေါက်စျေးရှိကြောင်း သိရသည်။

“ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း နှစ်လခွဲစပါးတင်းရေ ၇၅,၀၀၀ ထိ ရန်ကုန်စျေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်စျေးကွက်ကို အများဆုံးတင်ပို့ရောင်းချခဲ့တယ်။ အဲ့ဒီစပါးတွေကို ရန်ကုန်စျေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ နှစ်လခွဲစပါးကို ရန်ကုန်စျေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်”ဟု ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦး၏ ပြောပြသည်။

**Source: ရတနာပုံသတင်းစာ**

## မန္တလေး ပဲ၊ နှမ်းစျေးကွက်တွင် နှမ်းအုပ်စုနှင့် ပဲကြီး အရောင်းအဝယ်ကောင်းမွန်လာ

မန္တလေး ပဲ၊ နှမ်းစျေးကွက်တွင် နှမ်းအုပ်စုနှင့် ပဲကြီးအရောင်းအဝယ် ကောင်းမွန်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က နှမ်းအုပ်စုနှင့် ပဲကြီးမှာ ပြည်တွင်းစျေးကွက်အတွင်းမှ ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ပြီး ယခုလက်ရှိတွင် နှမ်းအုပ်စုနှင့်ပဲကြီးကို ကုန်သည်များ ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း သိရသည်။

" နှမ်းအုပ်စုနဲ့ပဲကြီးက အရင်တစ်ပတ်လောက်က အရောင်းအဝယ်အေးနေခဲ့ပါတယ်။ အခုလက်ရှိမှာတော့ မန္တလေးစျေး

ကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါဝယ်ယူမှုတွေများပြားလာပါတယ်" ဟု ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ယခု မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းနက်(စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၆၇,၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၈၀,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ပဲကြီးသုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၂၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကုလားပဲ V2 သုံးတင်းဝင်တစ်အိတ်လျှင်ကျပ် ၃၁၄,၀၀၀၊ ကုလားပဲ V7 သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၃၀,၀၀၀၊ ကုလားပဲ 929 သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၉၃,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ ကုန်စည်ဈေးကွက်မှာ ကုန်စိမ်းအချို့ အဝင်မရှိသလောက် ဖြစ်နေလို့ ဈေးထပ်မံမြင့်တက်လာနိုင်




ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ ကုန်စည်ဈေးကွက်မှာ အောက်တိုဘာလတတိယပတ်အတွင်း အောက်ပြည်ဖက်က ကုန်စည်အော်ဒါများနေပေမဲ့ ကုန်စိမ်းအချို့အဝင်မရှိသလောက်ဖြစ်နေလို့ ဈေးထပ်မံမြင့်တက်လာနိုင်တယ်လို့ အောင်ပန်းမြို့ရှိကုန်စိမ်းပွဲရုံတွေထံကနေသိရပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ ကုန်စိမ်းမြို့တော်လို့ ခေါ်ဆိုနေကြတဲ့ အောင်ပန်းမြို့မှာ လက်ရှိကာလအတွင်း မုန်ညင်း၊ဂေါ်ဖီထုပ်၊ပန်းဂေါ်ဖီ၊ ငရုတ်ပွ၊ငရုတ်သီး၊ ရွှေပဲသီး၊ အာလူးစတဲ့ ကုန်စိမ်းတွေဟာ ထွက်ရှိမှုမရှိသလောက် ဖြစ်နေတာကြောင့် ဈေးအမြင့်ပိုင်းမှာရှိနေပြီး ဈေးထပ်မံမြင့်တက်လာနိုင်တယ်လို့ သိရပါတယ်။

“ မုန်ညှင်း၊ခရမ်းချဉ်၊အာလူးစိုက်ခင်းတွေ ရေမြုပ်ကုန်ပြီး အဝင်နည်းလို့တက်တာဖြစ်ပြီး ရေကြီးတာ လူတွေ ရေဘေးဒုက္ခကြုံတွေ့ရတယ်။ ဈေးကျနေတဲ့ ခရမ်းချဉ်နဲ့မုန်ညင်းကတော့ ချက်ချင်းဈေးပြန်တက်သွားတာပဲ။ ရေမကြီးခင်က အလကားသွန်ပစ်ရတဲ့ သူတွေတောင်ရှိခဲ့တယ်။ ဂေါ်ဖီထုပ်နဲ့ပန်းဂေါ်ဖီကတော့ အဝင်မရှိသလောက်ကိုဖြစ်သွားပြီ”ဟု အောင်ပန်းကုန်စိမ်းပွဲရုံပိုင်ရှင်တစ်ဦးက ပြောပါတယ်။

လက်ရှိမှာ မုန်ညင်းတစ်ပိဿာကို ၇၀၀၀ ကျပ်၊ ဂေါ်ဖီထုပ်တစ်ထုပ်ကို ၂၅၀၀ ကျပ်၊ ပန်းဂေါ်ဖီတစ်ပွင့်ကို ၃၀၀၀ ကျပ်၊ ငရုတ်ပွတစ်ပိဿာကို ၁၄,၀၀၀ ကျပ်၊ ငရုတ်သီးတစ်ပိဿာကို ၁၆,၀၀၀ ကျပ်၊ အာလူးတစ်ပိဿာကို ၇၀၀၀ ကျပ်ဝန်းကျင်အထိ ပေါက်ဈေးရှိနေပြီး ဈေးထပ်မံမြင့်တက်လာနိုင်တယ်လို့ သိရပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်းမှာ လက်ရှိအချိန်ကနေ မတ်လကုန်အထိ ကုန်စိမ်းတွေ အဝင်မရှိသလောက် နည်းသွားမှာဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ဧပြီလနောက်ပိုင်းမှသာ ဖြိုင်ဖြိုင်ပြန်ထွက်လာတော့မှာဖြစ်တာကြောင့် လက်ရှိကာလမှာ တောင်သူတွေ၊ ကုန်သည်တွေအနေနဲ့ ပဲ၊ ပြောင်း၊ ဂျုံ၊ နှမ်းစတဲ့ ကုန်ခြောက်တွေကို ပြောင်းလဲလုပ်ကိုင်သင့်တယ်လို့ အောင်ပန်းကုန်စည်ပွဲရုံတွေက တိုက်တွန်းထားပါတယ်။

**Source: Voice of Myanmar**

[https://t.me/htwettoe](https://t.me/htwettoe)

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကျားကဏန်းပိဿာချိန် ၆၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကျားကဏန်းပိဿာချိန် ၆၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ကျားကဏန်းပိဿာချိန် ၄၅,၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကျားကဏန်းပိဿာချိန် ၆၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ကျားကဏန်းများက ရန်ကုန် ဈေးကွက်က ဝယ်ယူမှုများပြားနေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ကျားကဏန်း ပိဿာချိန် ၆၇,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ကျားကဏန်းတွေဟာ လတ်ဆတ်မှုနဲ့ အရွယ်အစားအလေးချိန် အပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။လက်ရှိမှာ ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လပွတ္တာမြို့နယ်ကနေထွက်ရှိတဲ့ ကျားကဏန်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေပါတယ်"ဟုလပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ကျားကဏန်းအသေးတစ်ပိဿာလျှင် ကျပ် ၁၅,၅၀၀၊ အလတ်တစ်ပိဿာလျှင် ကျပ် ၂၀,၅၀၀၊ အကြီးတစ်ပိဿာလျှင် ကျပ် ၂၈,၅၀၀ မှ ၃၃,၅၀၀ ထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း လပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

**Source: ရတနာပုံသတင်းစာ**

## အိန္ဒိယအဓိကဆိပ်ကမ်းများရှိ ပြည်ပသို့တင်ပို့မည့် ဆန်ဖြူနှင့် ပေါင်းဆန်များကို အကောက်ခွန်ဌာနမှ ထိန်းသိမ်း၍ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိ

အိန္ဒိယအစိုးရမှ ဆန်တင်ပို့မှု ပြန်လည်ခွင့်ပြုခဲ့သော်လည်း အဓိကဆိပ်ကမ်းများရှိ ပြည်ပသို့တင်ပို့မည့် ဆန်ဖြူနှင့်ပေါင်းဆန်များကို အကောက်ခွန်ဌာနမှ ထိန်းသိမ်း၍ အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း The Hindu businessline သတင်းဌာနက အောက်တိုဘာလ ၁၀ ရက်က ဖော်ပြသည်။

ပြည်ပသို့တင်ပို့မည့် ဆန်များကို ကုန်သေတ္တာဌာနများ (container freight stations –CFS) ၌ ထိန်းသိမ်းထားရှိကာ ဆန်ဖြူနှင့် ပေါင်းဆန်ရောနှော တင်ပို့ခြင်းမရှိစေရန် အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

ပေါင်းဆန်အတွက် ပို့ကုန်ခွန် ၁၀ ရာခိုင်နှုန်း ပေးဆောင်ရန် လိုအပ်သည့်အတွက်ဖြစ်ကြောင်း သိရသည်။

" အခြေအနေက အရင်ကနှင့်ပြောင်းပြန်ဖြစ်နေပါတယ်" ဟု အမည်မဖော်လိုသော ဆန်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

အကောက်ခွန်ဌာနက ယခုနှစ် စက်တင်ဘာလကုန်ပိုင်းအထိ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ကတည်းက ပိတ်ပင်ထားခဲ့သည့် ဆန်ဖြူကို ပေါင်းဆန်နှင့်ရောနှော၍တရားမဝင်တင်ပို့မည်စိုးသဖြင့်ပို့ကုန်များကိုအထူးကြပ်မတ်စစ်ဆေးခဲ့ကြကြောင်းသိရသည်။

ယခုအခါ ၎င်းတို့အနေဖြင့် ပေါင်းဆန်အား ဆန်ဖြူအဖြစ် လိမ်လည်တင်ပို့ခြင်း မရှိစေရန် အထူးစစ်ဆေးကြပ်မတ်မှုများ ဆောင်ရွက်လျက်ရှိခြင်းဖြစ်သည်။

ကမ္ဘာ့ဈေးကွက်တွင် ဆန်ဖြူဈေးနှုန်း ၁ တန် လျှင် ကန်ဒေါ်လာ ၄၉၁ မှ ၄၉၅ ရှိချိန်တွင် ပေါင်းဆန်၏ (FOB) ဈေးမှာ ကန်ဒေါ်လာ ၅၀၀ ရှိကြောင်း သိရသည်။

ကုန်စည်များတင်ပို့နိုင်ရန် အနည်းဆုံး အချိန် ၁၀ ရက်ခန့် နောက်ကျနေသည့်အတွက် အပိုဆောင်းကုန်ကျစရိတ် ၁ တန် ကန်ဒေါ်လာ ၇၀ မှ ၈၀ အထိ ကုန်ကျနေရကြောင်း ပို့ကုန်တင်ပို့သူများက ပြောကြားခဲ့သည်။

ထို့ကြောင့် အငယ်စားနှင့် အလတ်စား ပို့ကုန်တင်ပို့သူများအပေါ် အဓိကသက်ရောက်မှုရှိစေသည်ဟုဆိုသည်။

ဆန်နမူနာကို ဓာတ်ခွဲခန်းတွင် စမ်းသပ်၍ အဖြေမရမီအချိန်အထိ ကုန်စည်များကို အဆိုပါ CFS ဂိုဒေါင်များ၌ ထိန်းသိမ်းထားရှိကြောင်း၊ချနိုင်းလိုမြို့ကြီးဖြစ်ပါက ဓါတ်ခွဲစမ်းသပ်ချက်အဖြေကို အနည်းဆုံးအချိန်သုံးရက်အတွင်းရရှိနိုင်ကြောင်း၊ အကယ်၍ Kakinada သို့မဟုတ် Vizag ဆိပ်ကမ်းများတွင်ဆိုပါက နောက်ထပ် ၂ ရက် ၃ ရက်ခန့် ပိုမိုကြာမြင့်နိုင်ကြောင်း ဆန်တင်ပို့သူများက ပြောကြားခဲ့သည်။

၎င်းတို့၏ ကုန်စည်များကို CFS ဂိုဒေါင်များ၌ထားရှိရန် ရူပီး ၇၀၀၀ ပေးဆောင်ရကြောင်း၊ အကယ်၍ သတ်မှတ်ကာလအတွင်း ဓာတ်ခွဲခန်းအဖြေမရရှိပါက အခကြေးငွေ ထပ်မံပေးဆောင်ရကြောင်း Kakinada မှ ဆန်ကုန်သည်တစ်ဦးကပြောကြားခဲ့သည်။

အမြဲတမ်းတင်ပို့နေကျ ကုန်သည်ကြီးများဖြစ်ပါက CFS ကုန်လှောင်ရုံစရိတ် ထပ်မံစည်းကြပ်ခြင်း မပြုပါကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဆန်ဖြူတင်ပို့ခွင့်ပြုလိုက်သည့်အခါ သင်္ဘောလိုင်းများအနေဖြင့်လည်း အစပထမက လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ကြသော်လည်း ယခုကဲ့သို့ နှောင့်နှေးကြန့်ကြာမှုများ ရှိလာသည့်အတွက်ကြောင့် ကုန်ကျစရိတ်များရှိဖွယ်ရှိကြောင်း ချနိုင်းမြို့မှ ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

“ ဒီလိုမျိုး အပိုဆောင်းကုန်ကျစရိတ်တွေရှိလာတဲ့အတွက် ပို့ကုန်တင်ပို့ဖို့ ခက်ခဲစေပါတယ်။ ပြီးတော့ သင်္ဘောပတ်မမီလိုက်တာမျိုးလည်း ဖြစ်လာနိုင်ပါတယ်” ဟု ၎င်းက ပြောကြားခဲ့သည်။

အခြားကုန်သည်တစ်ဦးကလည်း ပို့ကုန်စစ်ဆေးရန် ခွင့်ပြုချက်ရရှိထားသူများသည် စမ်းသပ်စစ်ဆေးမှုများကို မည်သို့မည်ပုံဆောင်ရွက်ရမည်ကို ကောင်းစွာသိရှိနားလည်ပုံမရကြောင်း၊ ယင်းအတွက် မလိုအပ်ဘဲ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လာသည်ဟု ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရသည် ပြည်တွင်း၌ မိုးရေကောင်းစွာမရရှိခြင်းကြောင့် ဆန်ထုတ်လုပ်မှုလျော့ကျလာမှုကိုကုစားရန်၂၀၂၃ ခုနှစ် ၊ ဇူလိုင်လမှ စတင်၍ ပြည်ပသို့ဆန်ဖြူတင်ပို့မှုကို တားမြစ်ခဲ့သည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလက ဆန်ဖြူတင်ပို့မှုအပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံခဲ့ပြီးနောက် ယင်းသို့ ပိတ်ပင်တားမြစ်ခဲ့ခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လက အယ်နီညိုကြောင့် စပါးအဓိကစိုက်ပျိုးရာ ဒေသများ၌ မိုးရေရရှိမှုနည်းပါးသောကြောင့် ပေါင်းဆန်၊ ဆန်လုံးညိုနှင့် အခွံချွတ်ပြီးသား ဆန်တို့အပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် မကြာသေးမီက ဆန်ပို့ကုန်မူဝါဒပြောင်းလဲပြီး၊ ဆန်ဖြူကို အကောက်ခွန်လွတ်ပြန်လည် တင်ပို့ခွင့်ပြုခဲ့သော်လည်း လက်တွေ့မြေပြင်တွင် ၁၀ ရာခိုင်နှုန်း အခွန်အားတိမ်းရှောင်လို၍ ပေါင်းဆန်အားဆန်ဖြူအဖြစ် လိမ်လည်တင်ပို့မှုများရှိလာမည်ကို စိုးရိမ်မကင်းဖြစ်လျက်ရှိကာ အကောက်ခွန်ဌာနမှ အထူးကြပ်မတ်စစ်ဆေးလျက်ရှိသည်။

ထို့ကြောင့် မလိုလားအပ်ဘဲ အချိန်ကုန် ငွေကုန်ဖြစ်လာကြသည့်အတွက် ပို့ကုန်တင်ပို့သူများကို အခက်အခဲတွေစေလျက်ရှိကြောင်း သိရသည်။

**Source :** **The Hindu Businessline: As Customs officials hold up shipments at ports, rice exports get delayed, October 9, 2024.**

**( စီးပွားရေးသံမှူး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/

## ဘင်္ဂလားဒေ့ရှ်တွင် ရေကြီး၍ ဆန်တန်ချိန် ၁ ဒသမ ၁ သန်းခန့် ပျက်စီးခဲ့

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေလွှမ်းမိုးမှုများကြောင့် ဆန်တန်ချိန် ၁ ဒသမ ၁ သန်းခန့် ပျက်စီးခဲ့သည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရသိရပြီး နိုင်ငံတွင် စားသောက်ကုန်ဈေးနှုန်းများမြင့်တက်နေသဖြင့် အဓိကအစားအစာဖြစ်သော ဆန်ကို ပိုမိုတင်သွင်းခဲ့သည်။

မိုးရာသီကာလ မိုးကြီးမှုများနှင့် မြစ်ညာပိုင်းတွင် ရေကြီးရေလျှံမှုများကြောင့် ဘင်္ဂလားဒေ့ရှ်တွင် ဩဂုတ်လနှင့် အောက်တိုဘာလများ၌ ရေကြီးမှုနှစ်ကြိမ် ကြုံခဲ့ရပြီး လူ ၇၅ ဦးထက်မနည်း သေဆုံးခဲ့ကာ သန်းနှင့်ချီ၍ ရေဘေးသင့်ခဲ့သည်။ အထူးသဖြင့် နိုင်ငံအရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသများရှိ စိုက်ခင်းများလည်း အကြီးအကျယ်ပျက်စီးခဲ့သည်။

ယခုနှစ် ရေလွှမ်းမိုးမှုကြောင့်စပါးထွက်နှုန်းကျခဲ့သည်ဟုစိုက်ပျိုးရေးဝန်ကြီးဌာနကပြောဆိုသည်။

ယင်းအခြေအနေကြောင့် အစိုးရသည် ဆန်တန်ချိန် ၅ သိန်း ကို တင်သွင်းရန် အလျင်အမြန်ဆောင်ရွက်ခဲ့ရပြီး ပုဂ္ဂလိက ကဏ္ဍကိုလည်း ဆန်တင်သွင်းခွင့် ပါမစ်များကို မကြာခင်ချထားပေးမည်ဟု မျှော်လင့်ရကြောင်း စားနပ်ရိက္ခာဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောဆိုခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာစီနာ ပြုတ်သွားပြီးနောက် တာဝန်ယူခဲ့သည့် ကြားဖြတ်အစိုးရသည် စားသောက်ကုန်ဈေးနှုန်းများကို တည်ငြိမ်အောင်ထိန်းထားနိုင်ရေးအတွက်ရုန်းကန်နေရပြီး မကြာခင်လများအတွင်းက ကုန်ဈေးနှုန်းများသည် ၂၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်၏ ဆန်တင်သွင်းမှု ပိုမိုမြင့်တက်လာခြင်းက ကမ္ဘာ့ထိပ်တန်း ဆန်တင်ပို့နိုင်ငံဖြစ်သည့် အိမ်နီးချင်း အိန္ဒိယ နိုင်ငံ၏ တင်ပို့မှုများကို ရုပ်သိမ်းသွားစေနိုင်သည်။

အိန္ဒိယအစိုးရသည် ပေါင်းဆန်တင်ပို့မှုများအတွက် အခွန် ၁၀ ရာခိုင်နှုန်းလျှော့ချပေးထားသည်။

**Source : အီကော်နော်မစ်တိုင်းမ်စ်**

https://www.popularmyanmar.com

## တရုတ်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်တို့မှ ထုတ်လုပ်သော သံပြားတချို့အပေါ် ရင်းနှီးမြှုပ်နှံမှု တိုက်ဖျက်ရေး အခွန်စည်းကြပ်မည့် အင်ဒိုနီးရှား



အင်ဒိုနီးရှားနိုင်ငံသည် တရုတ်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်တို့မှ ထုတ်လုပ်သော သံပြားထုတ်ကုန်ပစ္စည်း တချို့ကို လာမည့် သတင်းပတ်မှစတင်၍ ရင်းနှီးမြှုပ်နှံမှုတိုက်ဖျက်ရေး အခွန်စည်းကြပ်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက အောက်တိုဘာလ ၇ ရက်နေ့က ထုတ်ပြန်ခဲ့သည်။

အခွန်စည်းကြပ်မှု သက်ရောက်မည့် ကုန်ပစ္စည်းများအားလုံး တင်သွင်းမှုအပေါ် အခွန် ၄ ဒသမ ၄ ရာခိုင်နှုန်းမှ ၇ ဒသမ ၉ ရာခိုင်နှုန်းအထိ ကောက်ခံမည်ဖြစ်ပြီး ကုန်ပစ္စည်းများအပေါ် ချမှတ်ထားပြီးဖြစ်သည့် အထွေထွေသွင်းကုန်ခွန် သို့မဟုတ်အခြား အခွန်များကိုလည်း ကောက်ခံမည်ဖြစ်ကြောင်း စာတမ်းတွင် ဖော်ပြထားသည်။

လုပ်ငန်းတာဝန်များကို အောက်တိုဘာလ ၁၄ ရက်မှ ၂၀၂၉ ခုနှစ်အထိ ကျင့်သုံးမည်ဖြစ်သည်။

အဆိုပါသံပြားများမှ သံပြား သို့မဟုတ် အလွိုင်းမဟုတ်သော သံမဏိဖြင့်ပြုလုပ်ထားသော သို့မဟုတ် သံဖြူဖြင့်ဖုံးအုပ်ထားသော သံပြားထုတ်ကုန်များကို ဆက်လက်စွန့်ပစ်ခြင်းအလေ့အကျင့်ကြောင့် ဆုံးရှုံးနစ်နာမှုများမှ အပြည့်အဝပြန်လည်ကောင်း

မွန်ခြင်းမရှိသော ပြည်တွင်းစက်မှုလုပ်ငန်းများအား စုံစမ်းစစ်ဆေးပြီးနောက် အခွန်စည်းကြပ်မှုဆောင်ရွက်ရန် လိုအပ်သည်ဟု မှတ်ယူခဲ့ခြင်းဖြစ်သည်။

တရုတ်ကုမ္ပဏီ ၅ ခု အပါအဝင် ကုမ္ပဏီ ၉ ခု ထက်မနည်း အမည်ပေးထားကြောင်း စာရွက်စာတမ်းများအရသိရသည်။

**Source:CAN**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ပထမနှစ်ဝက်အတွင်း ပြည်ပမှ ပဲမျိုးစုံတင်သွင်းမှု တန်ဖိုး ၇၃ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံတွင် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ပထမနှစ်ဝက်အတွင်း ပြည်ပမှ ပဲမျိုးစုံတင်သွင်းမှု တန်ဖိုး ၇၃ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ ဧပြီလမှ စက်တင်ဘာလအထိ ပဲမျိုးစုံတင်သွင်းမှု ကန်ဒေါ်လာ ၂ ဒသမ ၁၈၇ ဘီလီယံရှိပြီး၊ လွန်ခဲ့သောနှစ်ကာလတူက ကန်ဒေါ်လာ ၁ ဒသမ ၂၆၅ ဘီလီယံရှိခဲ့သည့်အတွက် တင်သွင်းမှုတိုးတက်လာခဲ့ကြောင်း အိန္ဒိယစီးပွားကူးသန်းဝန်ကြီးဌာနမှ ထုတ်ပြန်သော ခန့်မှန်းချက်အရ သိရသည်။

စက်တင်ဘာလတွင် ပဲမျိုးစုံတင်သွင်းမှု ကန်ဒေါ်လာ ၄၂၅ ဒသမ ၇၈ သန်းရှိကာ လွန်ခဲ့သောနှစ် ကာလတူက ကန်ဒေါ်လာ ၃၁၅ ဒသမ ၈၉ သန်း တင်သွင်းခဲ့သည့်အတွက် ၃၄ ဒသမ ၇၉ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။

တင်သွင်းသော ပမာဏနှင့် အမျိုးအစား အသေး စိတ်ကိုမူ ထုတ်ပြန်ထားခြင်းမရှိသေးဟုဆိုသည်။

မတ်ပဲ၊ ပဲစင်းငုံနှင့် ကုလားပဲစသည့် ပဲအမျိုးအစားများ တင်သွင်းမှုမြင့်တက်ကာ ပြည်တွင်းထုတ်လုပ်မှု တိုးတက်လာသည့် ပဲနီလေးတင်သွင်းမှု လျော့ကျခဲ့ကာ၊ မကြာသေးမီ လအနည်းငယ်အတွင်း စားတော်ပဲတင်သွင်းမှုလည်း အလားတူလျော့ကျခဲ့ကြောင်း ကုန်သွယ်ရေးအသိုင်းအဝိုင်းက ယူဆကြသည်။

၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ ပဲမျိုးစုံတင်သွင်းမှု နှစ်ဆတိုးမြင့်ခဲ့ကာ ကန်ဒေါ်လာ ၃ ဒသမ ၇၄ ဘီလီယံဖိုး တင်သွင်းခဲ့ကြောင်း သိရသည်။

ပဲစင်းငုံမှာ ထုတ်လုပ်မှုကျဆင်းကာဝယ်လိုအားမြင့်တက်လျက်ရှိသောကြောင့် ဈေးကွက်တွင်ပြတ်လပ်မှုရှိခဲ့ကြောင်း iGrain India မှ Rahul Chauhan က ပြောကြားခဲ့သည်။

ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ပြည်ပမှ တင်သွင်းမှုတိုးမြင့်ခဲ့ပြီး၊ ဧပြီလမှ စက်တင်ဘာလအတွင်း ပဲစင်းငုံတင်သွင်းမှု တန်ချိန် ၆ ဒသမ ၀၉ သိန်းခန့်ရှိမည်ဟု ခန့်မှန်းကြောင်း၊ ယခင်နှစ်က တန်ချိန် ၂ ဒသမ ၇၄ သိန်းနှင့် နှိုင်းယှဉ်လျှင် တိုးတက်လာကြောင်း Chauhan က ပြောကြားခဲ့သည်။

ပဲစင်းငုံကို မြန်မာနိုင်ငံနှင့် မိုဇန်ဘစ်၊ တန်ဇန်နီးယားစသည့် အရှေ့အာဖရိကတိုင်းပြည်များမှ အဓိကတင်သွင်းကြောင်း သိရသည်။

"မတ်ပဲကို မြန်မာနိုင်ငံကနေ အဆက်မပြတ်တင်သွင်းနေပါတယ်။ ဧပြီလမှ စက်တင်ဘာလအထိ မတ်ပဲတင်သွင်းမှု တန်ချိန် ၄ ဒသမ ၀၈ သိန်းရှိကာ လွန်ခဲ့သောနှစ်က ၂ ဒသမ ၄ သိန်းရှိသည့်အတွက် တိုးမြင့်လာခဲ့ပါတယ်။

လက်ရှိခါရစ်ရာသီမှာ မတ်ပဲစိုက်ဧကဟာ ယခင်နှစ်ကထက်နည်းပါတယ်။ သို့သော် မိုးကောင်းစွာရတဲ့အတွက် ထွက်ရှိမှုများမယ်လို့ ခန့်မှန်းရပါတယ်။ လိုအပ်တာကို ပြည်ပကနေ ဝယ်ယူဖြည့်တင်းလျက်ရှိပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

ဧပြီလမှ စက်တင်ဘာလအထိ ကုလားပဲ (desi chikpeas or gram) တင်သွင်းမှု ၁ ဒသမ ၀၃ သိန်းခန့်ရှိကာ ယခင်နှစ်ကာလတူက ၁၁၁၄၃ တန်တင်သွင်းခဲ့သည့်အတွက် မြင့်တက်လာခဲ့သည်။

အဆိုပါကာလအတွင်း ပဲနီလေးတင်သွင်းမှု တန်ချိန် ၃ ဒသမ ၈၅ သိန်းရှိကာ ယခင်နှစ်က တန်ချိန် ၈ ဒသမ ၀၂ သိန်း တင်သွင်းခဲ့၍ ကျဆင်းခဲ့ကြောင်း၊ စားတော်ပဲတင်သွင်းမှုလည်း နှေးကွေးခဲ့ကာ တန်ချိန် ၁၀ ဒသမ ၂၃ သိန်းခန့်သာရှိမည်ဟု ခန့်မှန်းကြောင်း၊ အစိုးရက စားတော်ပဲတင်သွင်းမှုကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ခွင့်ပြုထားကြောင်း Chauhan က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ စားတော်ပဲတင်သွင်းမှု တန်ချိန် ၃ ဒသမ ၃ သန်းမှ ၃ ဒသမ ၅ သန်းအတွင်း ရှိနိုင်ကြောင်း၊ ဩဂုတ်လ ၃၁ ရက်အထိ တင်သွင်းမှု တန်ချိန် ၂ ဒသမ ၂ သန်းရှိမည်ဟုယူဆကြောင်း၊ စက်တင်ဘာလမှ အောက်တိုဘာလအထိ နောက်ထပ် ၇ တန်တင်သွင်းဖို့ စာချုပ်ချုပ်ဆိုထားပြီးဖြစ်ကြောင်း သိရသည်။

အောက်တိုဘာလကုန်အထိ စားတော်ပဲတင်သွင်းမှု တန်ချိန် ၃ သန်းရှိနိုင်ကြောင်း အိန္ဒိယကောက်ပဲသီးနှံအသင်း ဥက္ကဋ္ဌ Bimal Kothari က Businessline သတင်းဌာနသို့ ပြောကြားခဲ့သည်။

နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း နောက်ထပ် စားတော်ပဲ တန်ချိန် ၃ သိန်းမှ ၄ သိန်း ပြည်ပမှ ထပ်မံဝင်ရောက်လာဖို့ရှိသည်ဟု ၎င်းက ပြောကြားခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံမှ ပဲမျိုးစုံတင်သွင်းမှု ပိုမိုတိုးမြင့်လာလျက်ရှိသည့်အတွက် မြန်မာနိုင်ငံမှ ပဲမျိုးစုံတင်ပို့ရောင်းချသူများအနေဖြင့် ဈေးကွက်အခွင့်အလမ်းများရရှိနိုင်ကြောင်း သိရသည်။

**Source : (စီပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (22.10.2024)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 22nd Oct. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,774 (Shares) | 18,220,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 495 | 4,207,500 | 33,109,694 | 281,432 |
| MTSH | 00002 | 3,350 | -50 | -1.47% | 3,400 | 3,400 | 3,350 | 343 | 1,151,700 | 38,929,150 | 130,413 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 0 | 0 | 10,400,986 | 87,368 |
| FPB | 00004 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 2,199 | 4,398,000 | 29,664,613 | 59,329 |
| TMH | 00005 | 2,800 | +100 | +3.70% | 2,700 | 2,800 | 2,700 | 218 | 608,800 | 12,823,224 | 35,905 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 718 | 1,190,600 | 19,977,223 | 33,961 |
| AMATA | 00007 | 4,400 | +0 | +0.00% | 4,400 | 4,400 | 4,400 | 600 | 2,640,000 | 10,497,598 | 46,189 |
| MAEX | 00008 | 3,400 | +50 | +1.49% | 3,350 | 3,400 | 3,350 | 1,201 | 4,023,400 | 23,804,946 | 80,937 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 22nd Oct. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.56 | +0.28 | +0.07% | 400.28 | 401.59 | 400.28 | 5,774 | 18,220,000 | 8 | 755,534 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 22nd Oct. 2024

| Trading Volume | Trading Value |
|---|---|
| 5,780 (Shares) | 18,430,000 (MMK) |

### Main Board

As of 1:00 pm, 22nd Oct. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,774 (Shares) | 18,220,000 (MMK) |

| MYANPIX | 400.56 ▲ 0.28 |
|---|---|
| Total Volume (shares) | 5,774 |
| Total Value (MMK) | 18 mil |
| Listed Company | 8 |
| Market Cap. (MMK) | 755,534 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,350 | ▼ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 100 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,400 | ▲ 0 |
| MAEX | 00008 | 3,400 | ▲ 50 |